# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 11, 2024 Volume 80, Number 9

၁၁.၇.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၈၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၀၄.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၂၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၈၉၁ ကျပ် |

## အာလူးဈေး ပြန်လည်မြင့်တက်နေ




မိုးစိုက်အာလူးစိုက်သည့်ကာလ ဈေးကွက်သို့ ကုန်အဝင်နည်းနေသည့်အတွက် အာလူးဈေး ပြန်လည်မြင့်တက်နေကြောင်း ကုန်စည်ဒိုင်များထံမှသိရသည်။

ယခုနှစ် ၄ လပိုင်း သင်္ကြန်အပြီးကာလတွင် နေ့အပူချိန်များခဲ့သည့်အတွက် အရည်အသွေးကျဆင်းကာ ပျက်စီးမှုများရှိခဲ့ပြီး နွေအာလူးလက်ကျန်လည်း နည်းနေကြောင်း သိရသည်။

ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဇူလိုင် ၂ ရက်က ဟဲဟိုး ok ၊ ဟဲဟိုး S1 အာလူးတစ်ပိဿာလျှင် ၂၆၀၀ ရှိရာမှ လက်ရှိတွင် ၃၅၀၀ သို့ မြင့်တက်ခဲ့ပြီး တရုတ်အာလူး တစ်ပိဿာလျှင် ၃၀၀၀ မှ ၄၀၀၀ ကျပ်ထိ မြင့်တက်ခဲ့ကြောင်းသိရသည်။

"အခုဈေးကွက်မှာ နွေအာလူးက ကုန်တော့မယ်။ ကုန်တွေနည်းနေလို့ ဈေးကောင်းလာတာ ဒီနှစ်က ဈေးကောင်းရတာ နောက်ကျတယ်။ လှောင်သူတွေ၊ ကုန်သည်တွေအတွက် ဈေးကောင်းရတာပေါ့။ တောင်သူတွေလက်ထဲတော့ သိပ်ကျန်မယ်မထင်ဘူး။ အခုက မိုးအာလူးတွေ စစိုက်ကြပြီး မိုးအာလူးပေါ်ရင်တော့ ဈေးကွက်ကို ပြုံပြီးဝင်လာနိုင်လို့ အာလူးဈေးက ပြန်ကျနိုင်တယ် " ဟု အာလူးကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိ ရှမ်းပြည်နယ် အောင်ပန်းတွင် မျက်နီ S1 တစ်ပိဿာလျှင် ၃၀၀၀ ကျပ် အထိရှိပြီး မျက်နီသီး ok တစ်ပိဿာလျှင် ၂၉၀၀ ကျပ် အထိရှိကြောင်းလည်း သိရသည်။ "အခုက နယ်စပ်တွေမှာ အခြေအနေအမျိုးမျိုးကြောင့် တရုတ်အားလူတွေလဲ အဝယ်နည်းသလို တရုတ်မျိုးတွေလဲ အဝင်နည်းတယ်။ အရင်နှစ်တွေက တရုတ်အာလူးတွေ အဝင်များလို့ တောင်သူတွေ နှစ်စဉ် အရှုံးပေါ်ခဲ့တယ်။ ရှမ်းပြည်နယ်ဘက်က အားလူးစိုက်တောင်သူတွေလည်းလျော့သွားတယ် အခု တရုတ်အဝင်နည်းလို့ ဈေးတက်

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm



လာတာ”ဟု ရှမ်းပြည်နယ်မှ အာလူးစိုက် တောင်သူတစ်ဦးကပြောသည်။

လက်ရှိတွင် အာလူးမျိုးများကို နယ်သာလန်၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများမှ ဝယ်ယူစိုက်ပျိုးကြရပြီး မျိုးအာမခံချက်နှင့် လမ်းခရီးအခက်အခဲများကိုလည်း ကြုံတွေ့နေရသည့်အတွက် မိုးအာလူးစိုက်ရန်နှင့်မျိုးအာလူးရရှိရန် အခက်အခဲရှိနေကြောင်းလည်း သိရသည်။

လက်ရှိ အာလူးစိုက်တောင်သူများအနေဖြင့် မျိုးအာလူးရရှိရန် အခက်အခဲများ လျော့ကျရန် မြန်မာနိုင်ငံ စိုက်ပျိုးရေးနှင့် သုတေသနဌာန(DAR)နှင့် နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းတို့ပူးပေါင်း၍ ပြည်တွင်း၌ တစ်သျှူးကာချာ (tissue culture) နည်းဖြင့် မျိုးအာလူးများ ထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်နေကြောင်းသိရသည်။

လက်ရှိတွင် မိုးအာလူးအတွက် တရုတ်မျိုးနှင့်နယ်သာလန်မျိုးများကို အဓိကထားစိုက်ကြကြောင်း နောင်တရားဒေသမှ အာလူးစိုက်တောင်သူတစ်ဦးကပြောသည်။

ပြည်တွင်း၌ အာလူးကို ၅ လပိုင်း မှ ၆ လပိုင်း တစ်ကြိမ်၊ ၈ လပိုင်းမှ ၉ လပိုင်း တစ်ကြိမ်နှင့် ၁၂ လပိုင်း မှ ၁ လပိုင်း တစ်ကြိမ် သုံးကြိမ်စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

**Source: (AMIA)**

**https://t.me/htwettoe**

## ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်တွင် ပဲယဉ်းကြီး အရောင်းအဝယ်ကောင်းမွန်လာ

ပြည်တွင်းပြည်ပက ဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်တွင် ပဲယဉ်းကြီးအရောင်းအဝယ်ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ယခုလတ်တလော ပဲယဉ်းကြီးကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ဝယ်ယူမှုများပြားလာသဖြင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်းသိရသည်။

“အခုလက်ရှိမှာ ပဲယဉ်းကြီးကို မန္တလေးဈေးကွက်အတွင်း ကုန်သည်တွေအပြင် ပြည်ပကပါ ဝယ်ယူမှုများပြားလာတာကြောင့် အရောင်းအဝယ်ပြန်ကောင်းလာပါတယ်။ ကုန်စည်ဒိုင်အတွင်းမှာ ပဲယဉ်းကြီး အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ အခုလတ်တလောပြန်ပြီးများလာတယ်။ ပဲယဉ်းကြီးအပြင် အချို့ကုန်စည်တွေကိုလဲ ကုန်သည်တချို့က ဝယ်တာတွေရှိတယ်” ဟု အတွင်းရေးမှူးဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပဲယဉ်းကြီးသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၈,၀၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးတန်ပိဿာချိန် ၈၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇွန်လအတွင်း ငါးတန်ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းကပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်းက ငါးတန် ပိဿာချိန် ၅၉,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ငါးတန်ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ငါးတန်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

“ပြီးခဲ့တဲ့ တစ်လအတွင်းငါးတန်ပိဿာချိန် ၈၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ ပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်းကထက်

ငါးတန်ပိသာချိန် ပိုမိုတင်ပို့ရောင်းချခဲ့ရ ပါတယ်။ လပွတ္တာမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်မှန်သမျှကို ရန်ကုန်ဈေးကွက် ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဘက်က ပြီးခဲ့တဲ့တစ်လအတွင်းနဲ့ အခုလက်ရှိ မှာ ရေထွက်ကုန်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်း ဈေးကွက်မှာ အရောင်းအဝယ်သွက်နေပါတယ်။ တင်ပို့အားတက်လာတော့ ငါးတန် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်”ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းပိုင်ရှင် ဒေါ်ဝင်းဝင်းကပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန်ပိသာချိန် ၁၀ လျှင် ငွေကျပ် ၉၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ငါးကန်လုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ပဲတီစိမ်း ၂၄ ပြည်ဝင် အိတ်ရေ ၅၇,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီးဇွန် ၁ ရက်မှ ၃၀ ရက်အတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၈၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ပဲတီစိမ်းများကို ကျောင်းကုန်းမြို့နယ်မှ လယ်ယာ ထွက်ကုန်ရောင်းဝယ်ရေးပိုင်ရှင်များကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်းသိရသည်။

“ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်ကို ဇွန်လထဲမှာ ပဲတီစိမ်း ၂၄ ပြည်အိတ်ရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီလထဲမှာလဲ ဒေသထွက် ပဲတီစိမ်းတွေအပါအဝင် ပဲမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒေသထွက် ပဲတွေ၊ စပါးတွေကို ဒီဘက်က ကုန်သည်တွေ၊ ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာများပါတယ်။ ပဲတီစိမ်းတွေ ဝယ်ယူမှုအားကောင်းလာတာကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေကောင်းလာပါတယ်” ဟု ၎င်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပဲတီစိမ်းများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်၊ ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## ယခုနှစ်အတွင်း စားအုန်းဆီစိမ်းတန်ချိန် ၈၀၀,၀၀၀ တင်ပို့ရန် မျှော်မှန်းထားကြောင်း ထိုင်းနိုင်ငံ ပြည်တွင်းကုန်သွယ်ရေး ဦးစီးဌာနကပြောကြားခဲ့

ထိုင်းနိုင်ငံ၏ ပြည်တွင်း လတ်ဆတ်ဆီအုန်းသီးနှံ ဈေးနှုန်းတည်ငြိမ်ရန်ရည်ရွယ်၍ ယခုနှစ်အတွင်း စားအုန်းဆီစိမ်း တန်ချိန် ၈၀၀,၀၀၀ တင်ပို့ရန် မျှော်မှန်းထားကြောင်း ပြည်တွင်း ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Wattanasak Sur-iam က ပြောကြားခဲ့သည်။

ဧပြီလမှ မေလအတွင်း ဆီအုန်းသီးနှံသည် ဝယ်လိုအားထက် ပိုလျှံခဲ့သောကြောင့် ဈေးနှုန်းကျဆင်းခဲ့ပြီးနောက် ၁ ကီလိုဂရမ်လျှင် ၅ ဘတ်ကျော် မြင့်တက်လာလျက်ရှိပြီး ဆက်လက် မြင့်တက်လာနိုင်ကြောင်း၊ ပိုလျှံမှုကိုလျှော့ချရန်အတွက် ပို့ကုန်အတွက် အစီအစဉ်ရေးဆွဲလျက်ရှိကြောင်း၊ ယခုနှစ် ပထမ ၅ လအတွင်း စားအုန်းဆီစိမ်း တန်ချိန် ၄၀၀,၀၀၀ တင်ပို့ခဲ့ပြီးဖြစ်ရာ ဒုတိယနှစ်ဝက်တွင်လည်း တန်ချိန်ပမာဏ တူညီစွာတင်ပို့ရန်မျှော်မှန်းထားပြီး စုစုပေါင်းတန်ချိန် ၈၀၀,၀၀၀ တင်ပို့ရန် မှန်းထားကြောင်း၊ ထိုင်းနိုင်ငံ၏ စားအုန်းဆီစိမ်းသည် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ပြီးအကြောင်းမှာ ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးနှုန်းသည် တူညီသောကြောင့် ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိ ထိုင်းစားအုန်းဆီစိမ်းဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၃၃ ဒသမ ၂၅ ဘတ်ဖြစ်ပြီး ကမ္ဘာ့ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၃၂ ဒသမ ၇၂ ဘတ်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုအတွက် စားအုန်းဆီစိမ်း ဝယ်လိုအားမှာ တန်ချိန် ၁၁၀,၀၀၀၊ ဇီဝဒီဇယ်ထုတ်လုပ်ရန်အတွက် တန်ချိန် ၁၂၀,၀၀၀ နှင့် ပို့ကုန်အတွက် ၈၀၀,၀၀၀- ၉၀၀,၀၀၀ ဖြစ်ပါကြောင်း၊ အိန္ဒိယသည် အဓိကဈေးကွက်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံတွင် စားအုန်းဆီစိမ်း တန်ချိန် ၃၀၀,၀၀၀ စတော့ခ်ရှိကြောင်း၊ ဘတ်ငွေအားနည်းနေခြင်းသည် စားအုန်းဆီစိမ်းပို့ကုန်အတွက် အကျိုးအမြတ်များစေကြောင်း၊ သဘာဝအတိုင်းကြွေကျခြင်းမဟုတ်သည့် ဆီအုန်းသီးနှံမှ စားအုန်းဆီထုတ်လုပ်ခြင်းကိုရှောင်ရှားရန် သီးနှံဝယ်ယူသူများနှင့်ထုတ်လုပ်သည့်စက်ရုံများကို ညွှန်ကြားထားကြောင်း Mr. Wattanasak က ဖြည့်စွက်ပြောကြားသည်။

ညွှန်ကြားချက်ကို မလိုက်နာပါက ကုန်စည်နှင့်ဝန်ဆောင်မှုဈေးနှုန်းဥပဒေ ၁၉၉၉ အရ ထောင်ဒဏ် ၅ နှစ် သို့မဟုတ် ငွေဒဏ်ဘတ် ၁၀၀,၀၀၀ သို့မဟုတ် ဒဏ် ၂ ရပ်လုံး ချမှတ်ခံရမည်ဖြစ်ကြောင်း၊ လုပ်ငန်းလည်ပတ်နေသူများအနေဖြင့် ဆောင်ရွက်မှုအခြေအနေများကို ဌာနသို့နေ့စဉ်သတင်းပို့ရန် လိုအပ်ပါကြောင်း၊ တောင်းခံသည့်ကိန်းဂဏန်းများမှာ ဝယ်ယူသည့် ဆီအုန်းပမာဏ၊ ဝယ်ယူသည့်နှုန်းထားနှင့် ထုတ်လုပ်သည့်ဆီအရေအတွက် (ပမာဏ) တို့ဖြစ်ကြောင်း၊ သတ်မှတ်ဈေးနှုန်းအောက်လျော့နည်းဝယ်ယူသည်ကို စစ်ဆေးတွေ့ရှိရပါက ထောင်ဒဏ် ၇ နှစ် သို့မဟုတ် ငွေဒဏ် ဘတ် ၁၄၀,၀၀၀ သို့မဟုတ် ဒဏ် ၂ ရပ်လုံးဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ထုတ်ယူသည့် ဆီပမာဏနှင့် သိုလှောင်သည့်နေရာများကို အစီရင်ခံရန်ပျက်ကွက်ခဲ့ပါက ထောင်ဒဏ် ၁ နှစ် သို့မဟုတ် ငွေဒဏ် ဘတ် ၂၀,၀၀၀ သို့မဟုတ် ဒဏ် ၂ ရပ်လုံးဖြစ်ပါကြောင်း၊ တောင်သူများအပေါ် ခေါင်းပုံဖြတ်မှုကိုကာကွယ်ရန် ဝယ်ယူမှုနှင့် အချိန်အတွယ်အတိအကျဖြစ်စေရန် ဦးစီးဌာနမှစောင့်ကြည့်ရန် ညွှန်ကြားထားကြောင်း၊ ဈေးကောင်းရနိုင်ရေး အတွက် ရင့်မှည့်သည့် ဆီအုန်းသီးနှံများသာခူးဆွတ်ရန် တောင်သူများကိုလည်း ပြောကြားထားပါကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း လတ်ဆတ်ဆီအုန်းသီးနှံထွက်ရှိမှုသည် တန်ချိန် ၁၈ သန်းဖြစ်ပြီး စားအုန်းဆီစိမ်းကို တန်ချိန် ၃ သန်း ခန့်မှန်းထားကြောင်း သိရသည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## အိန္ဒိယနိုင်ငံ၏ မေလလက်ဖက်ခြောက်ထွက်ရှိမှုသည် ၃၀ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဆယ်စုနှစ်တစ်ခုအတွင်း အနိမ့်ဆုံးအဆင့်ဖြစ်

အိန္ဒိယနိုင်ငံ၏ လက်ဖက်ခြောက်ထုတ်လုပ်မှုသည် မေလတွင် ပြီးခဲ့သည့်နှစ် ကာလတူထုတ်လုပ်နိုင်မှုထက် ၃၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့ပြီး ကီလိုဂရမ် ၉၀ ဒသမ ၉၂ သန်းသာ ထုတ်လုပ်နိုင်ခဲ့ကြောင်းနှင့် ယင်းသည် ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း ၎င်း၏အနိမ့်ဆုံးအဆင့်သို့ ကျဆင်းသွားကြောင်း လက်ဖက်ဘုတ်အဖွဲ့က သောကြာနေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ လက်ဖက်ထုတ်လုပ်မှု၏ ထက်ဝက်ကျော်ထုတ်လုပ်နိုင်သော အာသံပြည်နယ်တွင် ထုတ်လုပ်မှုသည် ၂၆ ရာခိုင်နှုန်းကျော်ကျဆင်းသွားပြီး ကီလိုဂရမ် ၄၉ ဒသမ ၈၄ သန်းရှိကြောင်း ဘုတ်အဖွဲ့ကပြောသည်။ လက်ရှိကာလတွင် အာသံပြည်နယ်၌ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇွန်လနှင့်ဇူလိုင်လတို့၌ လက်ဖက်ထုတ်လုပ်မှုအပေါ်လည်း သက်ရောက်မှုများရှိနိုင်ကြောင်း သိရသည်။

အိန္ဒိယသည် CTC(crush-tear-curl)စနစ် အသုံးပြုထုတ်လုပ်ထားသည့် လက်ဖက်ခြောက်ကို အဓိကအားဖြင့် အီဂျစ်နှင့် ဗြိတိန်နိုင်ငံတို့သို့ တင်ပို့လျက်ရှိပြီး သမားရိုးကျထုတ်လုပ်သည့် အမျိုးအစားများကို အီရတ်၊ အီရန်နှင့်ရုရှားနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source : India's May tea output falls 30%, lowest level in over a decade, The Economic Times, 5 July 2024.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/

## ပို့ကုန်ဝင်ငွေအများဆုံးရရှိသည့် စက်မှုကုန်ချောတင်ပို့မှု ယခုဘဏ္ဍာနှစ်တွင်ကျဆင်း

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇွန်လ ၂၈ ရက်အထိ ၃ လနီးပါးကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၆ ဘီလီယံကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

အဆိုပါ ပို့ကုန်ရငွေပမာဏသည် ပြီးခဲ့သည့်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂၄၇ ဒသမ ၃၆၉ သန်း လျော့ကျနေကြောင်း သိရသည်။

ပြည်ပပို့ကုန်မှာ စက်မှုကုန်ချောဖြစ်သည့် ချုပ်ပြီးအထည်တင်ပို့မှုသည် ပထမနေရာတွင်ရှိနေပြီး သကြား၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့ စသည့်ပစ္စည်းများကို တင်ပို့နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းနှင့် အခြားပစ္စည်းများကို တင်ပို့နေခြင်းဖြစ်သည်။

အဆိုပါ ပို့ကုန်ကဏ္ဍ ၇ ခုအနက် စက်မှုကုန်ချောတင်ပို့မှုသည် ပို့ကုန်ဝင်ငွေ အများဆုံးရရှိနေခြင်းဖြစ်ပြီး စုစုပေါင်းပို့ကုန်၏ ၆၃ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## STOCK EXCHANGE (11.7.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Jul. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,960 (Shares) | 34,017,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -200 | -2.27% | 8,700 | 8,700 | 8,500 | 570 | 4,912,600 | 33,109,694 | 284,743 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,300 | 3,350 | 3,300 | 2,880 | 9,615,500 | 38,929,150 | 130,413 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 226 | 1,853,200 | 10,400,986 | 85,288 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 4,053 | 6,687,450 | 29,664,613 | 48,947 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,700 | 2,800 | 2,700 | 114 | 309,800 | 12,823,224 | 35,905 |
| EFR | 00006 | 1,700 | -100 | -5.56% | 1,750 | 1,750 | 1,700 | 293 | 508,600 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 3,600 | +100 | +2.86% | 3,550 | 3,600 | 3,550 | 2,824 | 10,130,250 | 23,804,946 | 85,698 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 11th Jul. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.90 | -3.31 | -0.82% | 399.90 | 400.98 | 396.44 | 10,960 | 34,017,400 | 8 | 754,294 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 11th Jul. 2024

| Trading Volume | Trading Value |
|---|---|
| 10,960 (Shares) | 34,017,400 (MMK) |

### Main Board

As of 1:00 pm, 11th Jul. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,960 (Shares) | 34,017,400 (MMK) |

| MYANPIX | 399.90 ▼ 3.31 |
|---|---|
| Total Volume (shares) | 10,960 |
| Total Value (MMK) | 34 mil |
| Listed Company | 8 |
| Market Cap. (MMK) | 754,294 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 200 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 100 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 3,600 | ▲ 100 |